''ကာလတိုနေထိုင်ခွင့်ဗီဇာလျှောက်ထားရာတွင် သတိပြုရမည့်အချက်များနှင့် ပတ်သက်၍''

ဂျပန်နိုင်ငံသို့ ကာလတိုနေထိုင်ခွင့်ဗီဇာလျှောက်ထားရာတွင် အောက်ပါအချက်များကို ကောင်းစွာသတိပြုစေလိုပါသည်။

၁။ ဗီဇာလျှောက်ထားရာတွင် တင်ပြသည့်စာရွက်စာတမ်းများမှာ တိကျမှန်ကန်သောစာရွက်စာတမ်းများ ဖြစ်ရန်လိုအပ်ပါသည်။ ဗီဇာလျှောက်ထားသည့်အခါတွင် ဂျပန်နိုင်ငံသို့ သွားရောက်မည့် ရည်ရွယ်ချက်ကို လိမ်လည်ဖော်ပြခြင်းနှင့် အတုပြုလုပ်ထားသောစာရွက်စာတမ်းများ တင်ပြသည်ကို တွေ့ရှိရပါက ဗီဇာထုတ်ပေးမည်မဟုတ်ပါ။ ၎င်းအပြင် ဗီဇာလိမ်လည်လျှောက်ထားသူနှင့် အဆိုပါလျှောက်ထားမှုကိုကူညီပြုလုပ်ခဲ့သောကုမ္ပဏီ/အဖွဲ့အစည်းများမှ နောက်နောင်တွင်လျှောက်လာမည့် မည်သည့်ဗီဇာလျှောက်ထားမှုမျိုးတွင်မဆို ယခင်ကမလျော်ကန်သောလျှောက်ထားမှုကို ပြုလုပ်ခဲ့ကြောင်း မှတ်တမ်းဝင်ထားခြင်းသည် ကြီးမားသောအကျိုးသက်ရောက်မှုကို ဖြစ်ပေါ်စေမည် ဖြစ်သောကြောင့် အထူးတလည်သတိပြုဆင်ခြင်စေလိုပါသည်။

၂။ နေထိုင်ခွင့်အရည်အချင်း「ကာလတိုနေထိုင်ခြင်း」ဆိုသည်မှာ ဂျပန်နိုင်ငံ၏ လူဝင်မှုကြီးကြပ်ရေးနှင့် ဒုက္ခသည်များအသိအမှတ်ပြုရေးဥပဒေအရ 「ဂျပန်နိုင်ငံတွင် ကာလတိုနေထိုင်၍ ဆောင်ရွက်ရသော Sightseeingအလည်အပတ်၊ ကျန်းမာရေးအတွက် အနားယူအပန်းဖြေခြင်း၊ အားကစား၊ ဆွေမျိုးသားချင်း/အသိမိတ်ဆွေထံ အလည်အပတ်သွားခြင်း၊ လေ့လာရေး၊ သင်တန်း သို့မဟုတ် ဆွေးနွေးပွဲတွင်ပါဝင်တက်ရောက်ခြင်း၊ လုပ်ငန်းပိုင်းဆိုင်ရာဆက်သွယ် ဆောင်ရွက်ခြင်း」 စသည်တို့ဖြစ်သည်။ သို့ဖြစ်ပါ၍ ဂျပန်နိုင်ငံသို့ အခြေစိုက်ရွှေ့ပြောင်း၍ အသက်မွေးဝမ်းကြောင်းပြုခြင်းနှင့် အခြားလုပ်ရှားမှုများကိုပြုလုပ်ရန် ရည်ရွယ်ထားသူများနှင့် ဂျပန်နိုင်ငံတွင်

ကာလလတ်၊ ကာလရှည်နေထိုင်ရန် စီစဉ်ထားသူများသည် ကာလတိုနေထိုင်ခွင့်ဗီဇာ ထုတ်ပေးရန် အကျုံးဝင်သူများမဟုတ်ပါ။

၃။ ဂျပန်နိုင်ငံလူဝင်မှုကြီးကြပ်ရေးနှင့်ဒုက္ခသည်များအသိအမှတ်ပြုရေးဥပဒေအရ 「ကာလတိုနေထိုင်ခြင်း」 ဆိုသည့် နေထိုင်ခွင့်အရည်အချင်းဖြင့် ဂျပန်နိုင်ငံတွင်နေထိုင်မည်ဆိုပါက ဝင်ငွေရရှိနိုင်သော အလုပ်လုပ်ခြင်းများကို လုံးဝခွင့်မပြုထားပါ။ ဤအချက်ကို ချိုးဖောက်လျှင် ဂျပန်နိုင်ငံအတွင်းတွင် ရာဇဝတ်ပြစ်မှုအဖြစ် အပြစ်ပေးခံရနိုင်ပါသည်။ ထို့ကြောင့် အလုပ်လုပ်ခြင်း၊ ကျောင်းတက်ခြင်းစသည့် ရည်ရွယ်ချက်ဖြင့် ဂျပန်နိုင်ငံသို့ ကာလလတ်၊ ကာလရှည် သွားရောက်ရန်ဆန္ဒရှိသူများသည် ဂျပန်နိုင်ငံလူဝင်မှုနေထိုင်ခွင့်ကြီးကြပ်ရေးဌာနတွင် ကြိုတင်၍ ကာလရှည်နေထိုင်ခွင့်လက်မှတ် (COE) ကို ရယူပြီးမှသာ ဗီဇာလျှောက်ထားရမည်ဖြစ်ပါသည်။